dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"What is the impact of Land Grabbing?"***

ဖြစ်ပါတယ်။(ဒီဇင်ဘာ၊ ၂၆၊ ၂၀၁၅ (ထားဝယ်)ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " မြေယာသိမ်းဆည်းမှုတွေရဲ့ နောက်ဆက်တွဲ အကျိုးဆက် တွေက ဘာတွေလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

ဖွံ့ဖြိုးတိုးတက်မှုသို့ အထူးစီးပွားရေးဇုန်များမှ တစ်ဆင့်တက် လှမ်းခဲ့ကြသည့် ပတ်ဝန်းကျင် နိုင်ငံအချို့ကို မြင်တွေ့နိုင်မည်ဖြစ်ပြီး မကြာခင် ပေါ်ပေါက်လာတော့မည့် သီလဝါ အထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းများ မှာလည်း ယင်းသဘောပင် ဖြစ်သည်။

ဖွံ့ဖြိုးဆဲမှ ဖွံ့ဖြိုးတိုးတက်မှုသို့ တက်လှမ်းရာတွင် ဟန်ချက်ညီသော တိုးတက်မှုတစ်ခုအဖြစ်ရောက်ရှိရန် အဆင့်ဆင့်အကောင်အထည်ဖော်မှုအတွက် မှန်ကန်မျှတသော မူဝါဒများမှာ အထူးပင် အရေးကြီး လှကြောင်းပြောစရာလိုမည်ဟုမထင်ပေ။ သို့သော်လည်း အကျိုးရလာဒ်များ မြန်စွာထွက်ပေါ် လာရေးအတွက် ဦးတည်နေရသော မြန်မာ့စီးပွားရေးအကောင်အထည်ဖော်ဆောင်မှုများမှာ လုပ်ဟာမှုများကြား စီမံကိန်း အကျိုးမျှော်လင့်သော ဒေသခံလူထု၊အရပ်ဖက်အဖွဲ့အစည်း နှင့် အကောင်အထည်ဖော်သူတို့ကြား ဖွံ့ဖြိုးရေးခရီးစဉ်အတွက် အဆင်မချောသေးသည့်အဖြစ်တွင် ရှိနေသေးသည်။

မြန်မာနိုင်ငံ၏ အထင်ကရနှင့် ကြီးမားသည့် စီမံကိန်းများဖြစ်ကြသော သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ကျောက်ဖြူအထူးစီးပွားရေးဇုန်များများ တည်ဆောက်ပြီးစီးပါက မြန်မာ နိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်ပါ ဆက်သွယ်မှုတွင် မဟာဗျူဟာကျသည့်နေရာ တွင် ရှိနေခြင်းကြောင့် အရေးပါသည့် ဇုန်များဖြစ်ပေသည်။ ထို့အတူပင် အဆိုပါစီမံကိန်းများစတင် မည့် ပြည်တွင်းရှိ အစွန်အဖျားဟုခေါ်တွင်၍ရသည့် အဆိုပါစီမံကိန်းနေရာများအနီးရှိ မြေနေရာများ မှာလည်း ယခင်ကလှည့်ကြည့်သူ မရှိသလောက်အခြေအနေမှ နေ့ချင်းညချင်းပင် ကျပ်သိန်းထောင်ချီ သည့် မြေကွက်များအဖြစ်သို့ ခုန်တက်သွားခဲ့ကြပေသည်။ ထို့ကြောင့်ပင် ၂၀၁၀ပြည့်နှစ်တွင် တက်လာခဲ့သော အစိုးရသစ်လက်ထက်အတွင်း ပြည်တွင်းမြေဈေး ကွက်မှာ ငွေကစားသူများနှင့် စီမံကိန်းများကြောင့် ကားပိုင်ရှင်ဖြစ်ရန် စိတ်ကူးမယဉ်ရသော်လည်း အိမ်ပိုင်ရှင်ဖြစ်ရန်မှာမူ အိမ်မက်ပင် မမက်နိုင်သည့် အဖြစ်ပြောင်းလဲသွားခဲ့သည်။ မြေတန်ဖိုးထိုးတက် သွားခဲ့သကဲ့သို့ပင် စီမံကိန်းမြေများမှ လျော်ကြေးပြဿနာများနှင့် မြေသိမ်းယာသိမ်း ကိစ္စရပ်များသည် အရပ်သားအဖြစ် ပထမဆုံး တက်ရောက်လာခဲ့သော အစိုးရအဖွဲ့အတွက် ခေါင်းခဲရသော ပြဿနာကြီးအဖြစ် ရောက်ရှိခဲ့ပြီး ယနေ့ထိတိုင် ဖြေရှင်းရခက်လျက်ရှိနေ ပေသေးသည်။

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီဒေသကြီး၏ မြို့တော်ဖြစ်သော ထားဝယ်မြို့တွင် အာရှ၏ အကြီးမားဆုံး စက်မှုဇုန်များတွင် တစ်ခုအပါအဝင်ဖြစ်လာနိုင်ပြီး အရှေ့တောင်အာရှ၏ အကြီးဆုံးအထူးစီး ပွားရေးဇုန်ဖြစ်မည့်ထားဝယ်စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် အစပျိုးလာခဲ့ပြီး ယင်းစီမံကိန်းတွင်ပါဝင်မည့် Italian –Thai Development (ITD) က ကနဦးရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ဒသသမ ရ ဘီလီယံနှင့်အတူ ထားဝယ်စီမံကိန်း ပထမအဆင့် တည်ဆောက်မှုစတင်ရန် ဩဂုတ်လ အတွင်းက သဘောတူညီချက် တစ်ရပ်ကို အစိုးရနှင့် လက်မှတ်ထိုးမှုခဲ့သည်။ ယင်းစီမံကိန်းပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း တစ်သိန်းခန့် ဖန်တီးပေး နိုင်မည်ဟုလည်း သိရသည်။

ထိုင်းနှင့် ဂျပန်တို့ပါဝင်ပြီး စီမံကိန်းများအနက် မြန်မာ့စီးပွားရေးကို ဆွဲတင်ပေးနိုင်မည်ဟု ဆိုကြသည့် ထားဝယ်စီမံကိန်းအတွက် အခြေခံအဆောက်အဦးများပါဝင်မည့် စီမံကိန်းပထမအဆင့်ကို စတင်တော့မည်ဖြစ်ပြီး ယင်းတွင် ၁၆ စတုရန်းမိုင်ရှိ စက်မှုဇုန်၊ ဖူနမ်ရွန် (ထီးခီး) နှင့် ထားဝယ်စီမံကိန်းဆက်သွယ်မည့်၈၅မိုင် အကျော်ရှိသည့် နှစ်လမ်းသွား မော်တော်ကားလမ်း၊ အလုပ်သမားအိမ်ရာများ ၊သဘာဝ ဓာတ်ငွေ့ရည်စက်ရုံ၊ တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ ၊ ဓာတ်အားပေးစက်ရုံ တစ်ခု (မည်သည့် အရင်းအမြစ်ဖြင့် ထုတ်ယူမည်ဟု မဖော်ပြ) ၊ ရေလှောင်ဆည် တစ်ခု တို့ပါဝင်မည်ဟုသိရသည်။ သို့သော်လက်ရှိအချိန်ထိမူ ပြဿနာများ ဦးစွာဖြေရှင်းပေးရန် အ တွက် ဒေသခံတို့၏ အသံများညံနေဆဲ ဖြစ်ရာ ဖွံ့ရေးအတွက် စီမံကိန်းများ ၊ယင်းနောက်မှ မြေယာ စီမံခန့်ခွဲမှုများ နှင့်ပတ်သက်ပြီး ယခုတစ်ပတ်ဒီဗွီ ဒီဘိတ်ကို ထားဝယ်မြို့တွင် သွားရောက် ရိုက်ကူးတင်ဆက်မည်ဖြစ်ပါသည်။

**သူတို့အမြင်**

"ထားဝယ်ရေနက်ဆိပ်ကမ်းလို စီမံကိန်းက ကျန်တဲ့စွမ်းအင်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံတာနဲ့မတူဘူး။ သူက အရှေ့တောင်အာရှရဲ့ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး Global Trade မှာကိုက မဟာဗျူဟာကျတဲ့ အခန်းကဏ္ဍ Strategic Position မှာ ရှိနေတာ ဖြစ်တဲ့အတွက် ထားဝယ်ရေနက်ဆိပ်ကမ်းလိုဟာမျိုးက ဘာတွေ အထိတောင် သက်ရောက်မှုသွားနိုင်သလဲဆိုတော့ ပထဝီနိုင်ငံရေး ချိန်ညှိမှုပါဝါတွေပါ ပြောင်းသွားနိုင်တယ် ။ ဥပမာ -စင်ကာပူရဲ့ အနေအထားကျသွားတာတို့ ဖြစ်နိုင်တယ်။ အလားအလာအရမ်းကြီးတော့ ဒါမျိုးတွေက ဝင်လာတယ်။တစ်ဖက်မှာလည်း နိုင်ငံရေးသည် စီးပွားရေးဖြစ်တယ်။ စီးပွားရေးသည် နိုင်ငံရေးဖြစ်တယ် ဆိုသလိုပဲ ရင်းနှီးမြှုပ်နှံဖို့ အခြေအနေ Investment Climate ကောင်းရင် Investment ဝင်မယ်။တစ်ဖက်မှာ လည်း Investment အကြီးကြီးတွေဝင်လာရင်လည်း Investment Climate ကပြောင်းသွားမယ်။ ဒီလို Investment မျိုးတွေ ဝင်လာတဲ့အတွက် ဒီဘက်စည်းမျဉ်း၊ မူ၊ ဘောင် Institution ပိုင်းမှာ အများကြီး ပြောင်းပေးရမယ်။ ဥပမာ- သူ့မှာဘဏ်လုပ်ငန်းတွေလိုတယ်။ ဒါဆိုပြည်တွင်း ဘဏ်လုပ်ငန်းတွေ သူတို့လုပ် နိုင်တဲ့အခြေအနေရောက်အောင် လုပ်ပေးရမယ်။ ဒီလိုဘဏ်တွေ မြန်မာနိုင်ငံမှာလာဖွင့်နိုင်အောင်လုပ်ပေး ရမယ်။ ဒီလိုဘဏ်တွေ ဖွင့်ခွင့်ပေးလာရင် ပြည်တွင်းလုပ်ငန်းရှင် တွေလည်း ဒီအခွင့်အရေး တွေရလာမယ်။ အဲဒီတော့ ဒီမှာတယ်လီဖုန်း ၁၅သိန်း ပေးနေရသေးရင် သူတို့ဆီက ငါးထောင်နဲ့ဖုန်းတွေ ဝယ်၊ အထူးစီးပွား ရေးဇုန်မှာ သုံးသွားမယ်။ ဒီလိုမဖြစ်စေချင်ရင် အဲဒီနှုန်းနဲ့ ဖုန်းတွေရောင်းနိုင်အောင် ဒီမှာ ဖွင့်ပေးရမယ်ဆို တာ ဖြစ်လာမယ်။ ပြောရရင် ရေခံမြေခံကောင်းမှ FDI ဝင်မယ်။ ဝင်လာတဲ့ FDI တွေကြောင့်ရေခံမြေခံတွေ ကောင်းလာစေမယ်။အပြန်အလှန်ဖြစ်လာနိုင်တယ်။စွမ်းအင်ကဏ္ဍမှာဝင်လာတာနဲ့ မတူဘူး။ ထားဝယ်ရေနက် ဆိပ်ကမ်းမှာ ဝင်လာတာက သူနဲ့ဆက်နေတဲ့ Institution တွေ ပွင့်လင်းသွားစေမယ့် အဆင့်ထိဖြစ်လာအောင် တွန်းအားပေးသွားနိုင်တယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းလိုဟာမျိုးက သူ့ ကြောင့် GDP တက် မယ်။ သူ့ကြောင့် ဘယ်လို Institution တွေ ပြင်ပေးရမယ်ဆိုတာ သိလာမယ်၊ ဖွင့်ပေး လာရမယ်။ IT တွေ၊ Telecommunication Insurance တွေ စသဖြင့် ပွင့်လာမယ်။ "

**ဒေါက်တာနေဝင်းမောင်** - Policy Director(Myanmar Egress Capacity Development Centre)နှင့် မြန်မာ့စီးပွားရေးလေ့လာသုံးသပ်သူ ( Living Color - No.187,February,2011)

"ရေနက်ဆိပ်ကမ်း စီမံကိန်းလုပ်လို့ ရွာပြောင်းပေးရမယ်ဆိုရင်တော့ မလိုချင်ဘူး" **ထိန်ကြီးကျေးရွာ သားတစ်ဦး**

## *Information links:*

www.daweiwatch.com

**www.dvbdebate.net**